## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အမျိုးသားညီညွတ်ရေးအစိုးရ

## နိုင်ငံခြားရေးဝန်ကြီးဌာန

# အကြမ်းဖက် စစ်အုပ်စု၏ ပြည်သူလူထုအပေါ် ကျူးလွန်မှုများသည် လူသားချင်းစာနာမှုကင်းမဲ့သည့် တရားမဲ့ကျူးလွန်မှုမြောက်ကြောင်းနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်ချက်

**၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၄**

၁။ တရားမဝင် အကြမ်းဖက် စစ်အုပ်စု၏ လက်နက်ကိုင်များသည် ကရင်ပြည်နယ်၊ ဒူးပလာယာခရိုင် အတွင်းရှိ လေးကေ့ကော်မြို့သစ်သို့ စီးနင်းဝင်ရောက်ခဲ့ပြီး၊ အရပ်သား ပြည်သူများအား ဖမ်းဆီးခဲ့သည့် ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်နေ့မှ စတင်၍ ကရင်အမျိုးသား လွတ်မြောက်ရေး တပ်မတော်နှင့် စစ်အုပ်စု၏ လက်နက်ကိုင်များအကြား ထိတွေ့မှုများ (၆)ရက် တိုင်အောင် ဖြစ်ပွားခဲ့ပါသည်။ ၂၃-၁၂-၂၀၂၁ ရက်နေ့ လူနေအိပ်ချိန် ညပိုင်းတွင် အဆိုပါ ဒေသအား စစ်အုပ်စု၏ လက်နက်ကိုင်များ မှ တိုက်လေယာဉ်များ အသုံးပြု၍ အကျဉ်းတန်စွာ ဗုံးကျဲ ခဲ့ပါသည်။

၂။ နှစ်ဖက် ထိတွေ့မှုများအတွင်း အကြမ်းဖက် စစ်အုပ်စု၏ လက်နက်ကိုင်များသည် တိုက် လေယာဉ် အသုံးပြု၍ ဗုံးကျဲမှု၊ လက်နက်ကြီးများအပါအဝင် အင်အား အလွန်အကျွန် အသုံးပြုမှု များကြောင့် လေးကေ့ကော်မြို့သစ်နှင့် အနီးတစ်ဝိုက် ရွာများမှ ပြည်သူများသည် ဘေးကင်းရာ ဒေသများသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရပါသည်။ နေအိမ်စွန့်ခွာထွက်ပြေးခဲ့ရသည့် ရွာသား တစ်ဝက် ခန့်သည် ထိုင်းနိုင်ငံ နယ်နိမိတ်အတွင်းသို့ ဖြတ်ကျော် တိမ်းရှောင်ခဲ့ရပါသည်။

၃။ အမျိုးသားညီညွတ်ရေးအစိုးရသည် တရားမဝင် အကြမ်းဖက် စစ်အုပ်စု၏ အဆိုပါ အကြမ်းဖက် လုပ်ရပ်ကြောင့် ဖြစ်ပွားလာရသည့် လက်နက်ကိုင်တိုက်ပွဲများကြောင့် နေရပ်စွန့်ခွာ ထွက်ပြေးတိမ်း ရှောင်ရသည့် စစ်ဘေးရှောင်ပြည်သူများအား အရေးပေါ် လူသားချင်းစာနာ ထောက်ထားမှု အကူအညီများ ပံ့ပိုးပေးရန် ကိစ္စနှင့် စပ်လျဉ်းသည့် မေတ္တာရပ်ခံချက်တစ်ရပ်ကို ၁၇-၁၂-၂၀၂၁ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။

၄။ အလားတူ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာ ၁၇ ရက်နေ့တွင် မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့နယ်ရှိ နှမ်းခါးရွာကို အကြမ်းဖက် စစ်အုပ်စုမှ လေကြောင်းဖြင့် တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ပါသည်။ ထို့အပြင်

ရွာအတွင်းသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်းနှင့် ရွာရှိနေအိမ်များကိုလည်း မီးရှို့ခြင်း များကို ကျူးလွန်ခဲ့သဖြင့် ထိခိုက်ဒဏ်ရာရမှုများရှိခဲ့ပြီး၊ သေဆုံးသူ လူဦးရေသည် တစ်ဒါဒင်မက ရှိခဲ့ပါသည်။ အကြမ်းဖက် စစ်အုပ်စု၏ အင်အားအလွန်အကျွံအသုံးပြု၍ ပစ်ခတ် နှိမ်နင်းမှုကြောင့် နှမ်းခါးရွာနှင့် အနီးတစ်ဝိုက် ရွာများရှိ ရွာသူရွာသားများသည် ၎င်းတို့၏ နေအိမ်များကို စွန့်ခွာ၍ ဘေးလွတ်ရာသို့ ထွက်ပြေး တိမ်းရှောင်ခဲ့ရပါသည်။ ၂၀၂၁ ခုနှစ်၊ ဇွန်လမှစတင်၍ အကြမ်းဖက် စစ်အုပ်စုသည် နှမ်းခါးရွာသို့ ဝင်ရောက် စီးနင်းခဲ့သည်မှာ (၆) ကြိမ် တိုင်တိုင် ရှိခဲ့ပြီးဖြစ်ပါသည်။

၄။ လေးကေ့ကော်မြို့သစ်နှင့် နှမ်းခါးရွာရှိ ပြည်သူများအား အကြမ်းဖက် စစ်အုပ်စု၏ လက်နက်ကိုင်များမှ စနစ်တကျ အင်အားသုံး၍ တိုက်ခိုက်မှုသည် လူသားချင်းစာနာမှုကင်းမဲ့သည့် တရားမဲ့ကျူးလွန်မှုမြောက်ပါသည်။ မြန်မာနိုင်ငံ၌ မတရားအာဏာသိမ်းခဲ့သည့် ဖေဖော်ဝါရီလ ၁ ရက်နေ့မှ စတင်၍ အကြမ်းဖက် စစ်အုပ်စုသည် နိုင်ငံတကာဥပဒေများ၏ အခြေခံကျသည့် လိုက်နာရမည့် စံနှုန်းထားများကို ဆက်တိုက် ချိုးဖောက်လျက် ရှိသည်မှာ ငြင်းဖွယ်ရာမရှိပါ။ စစ်အုပ်စု၏ ယင်းသို့ နိုင်ငံတကာဥပဒေများကို လေးစားလိုက်နာခြင်းမရှိဘဲ ကိုယ်ကျိုးတစ်ခုတည်း ကိုရှေ့ရှုကာ ဆိုးဝါးသော လူ့အခွင့်အရေးချိုးဖောက်မှုများပြုနေခြင်း၏ ဇစ်မြစ်မှာ နှစ်ပေါင်းများစွာ ကတည်းက ၎င်းတို့၏ တရားမဲ့ အနိုင်ကျင့်နှိပ်စက်မှုများ၊ ဥပဒေမဲ့ဆောင်ရွက်ခဲ့မှုများကို ထိရောက် စွာအရေးယူခြင်းမပြုခဲ့ရာမှ အမြစ်တွယ်ခဲ့ခြင်း ဖြစ်ပါသည်။

၅။ အကြမ်းဖက် စစ်အုပ်စု၏ မတရားအာဏာသိမ်းယူထားရှိမှုအား အဆုံးသတ်ရန်နှင့် ယခုကဲ့ သို့ ဥပဒေမဲ့ အနိုင်ကျင့်ဖိနှိပ်ကျူးလွန်မှုများကို ထိရောက်စွာ အရေးယူသွားနိုင်ရန် နိုင်ငံခြားရေး ဝန်ကြီးဌာန အနေဖြင့် သံတမန်နည်းလမ်းမှတဆင့် ကုလသမဂ္ဂနှင့် ယင်း၏ လက်အောက်ခံအဖွဲ့ အစည်းများ၊ အာဆီယံအဖွဲ့ အပါအဝင် နိုင်ငံတကာအသိုင်းအဝိုင်းနှင့် ယခင်ထက် ပိုမိုကျယ်ပြန့် သည့် ပူးပေါင်းမှုများ ပြုလုပ်၍ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အသိပေး ထုတ်ပြန်အပ်ပါသည်။